# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 31 , 2024 Volume 78, Number 21

၃၁.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပဈေးကွက်တွင် ဈေးကွက်ကောင်းရရှိနေသော မြန်မာပိန်းရိုး



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးရှိ Green Farm ကုမ္ပဏီသည် ဒေသထွက်ကုန် ပရဆေးကုန်ကြမ်းများ၊ ဒေသထွက်ပစ္စည်းများကို ပြည်ပဈေးကွက်ရရှိအောင်ဆောင်ရွက်၍ နိုင်ငံခြားဝင်ငွေရရှိအောင်ဆောင်ရွက်ပေးနေသည်။ ယခုပွင့်လင်းရာသီချိန် မတ်လတွင် ပျဉ်းမရွက်ခြောက်၊ ဆနွင်း၊ ပိန်းရိုးခြောက်စသည့် ဒေသထွက်ပစ္စည်းများကို ပင်လယ် ရေကြောင်းမှ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့သို့ တင်ပို့နေသည်။

ပိန်းရိုးခြောက်ကုန်ကြမ်းများကို ၂၀၂၃ နိုဝင်ဘာလမှစတင်၍ တင်ပို့လာရာ ယခုအချိန်ထိ မှာယူသူများပြားသောကြောင့် အများဆုံးတင်ပို့နေရသည်။

မြန်မာ့ရေမြေတွင် အလေ့ကျပေါက်နေကြသော ပိန်းပင်များသည် ပြည်ပဈေးကွက်တွင် ဈေးကွက်ခိုင်မာစွာရှိနေပါသည်။ ဒေသခံပြည်သူများသည် ပိန်းရိုးကို ဝက်စာအဖြစ်သာ အသုံးပြုလျက်ရှိကြသည်။ ဈေးကွက်ကောင်းရှိက ဝယ်ယူ၍ ပြည်ပတင်ပို့ခြင်းများလည်း အနည်းငယ်ရှိကြောင်း သိရသည်။

ပိန်းရိုးပင်များသည် ဆည်မြောင်းတာတမံဘေး အနိမ့်ပိုင်းနေရာများ၊ ရေမြောင်းများ၊ အင်းအိုင်များတွင် အလေ့ကျပေါက်နေသည့် အပင်မျိုးဖြစ်သည်။ လူတစ်ဦးသည် ပိန်းရိုးတစ်ရက်ခုတ်ပါက အစိုပိဿာအချိန် ၁၅၀ ခန့်ရရှိကြောင်း၊ အစိုပိဿာ ၁၅၀ ကို အခြောက်လှမ်းပါက ၄၅ ပိဿာမှ ၄၈ ပိဿာအထိရရှိကြကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်တွင် Myanmar Green Farm Co,LTD သည် ပိန်းရိုးအခြောက် တစ်ပိဿာကို ၅၅၀၀ ကျပ်ဖြင့်ဝယ်ယူပြီး ပြည်ပတင်ပို့ပါက တစ်ကီလိုဂရမ် ၆၅၀၀ ကျပ် တင်ပို့ရကြောင်း၊ မြန်မာ့ရေမြေတွင် အလေ့ကျပေါက်နေသော ပိန်းရိုးအခြောက်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

သည် ပြည်ပဈေးကွက်ကို အခိုင်အမာရရှိနေသောကြောင့် ပိန်းရိုးခုတ်သည့်ဒေသခံများလည်း အပိုဝင်ငွေရရှိနေကြကြောင်း Myanmar Green Farm Co,LTD တာဝန်ရှိသူ၏ ပြောပြချက်အရ သိရသည်။

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_31052024_949

## ညှော့မထဆန်(သစ်)၊ ဆန်ကွဲB(2,3,4)၊ ဖွဲနုဈေးများ အနည်းငယ်ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၄.၅.၂၀၂၄ နေ့တွင် ညှော့မထဆန်(မနေသုခ) (ဟောင်း) တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်၊ ညှော့မထဆန် (မနေသုခ) (သစ်) တစ်အိတ်လျှင် ၇၅၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ်လျှင် ၅၃၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၅၁၀၀၀ ကျပ် နှင့် ဖွဲနု တစ်အိတ်လျှင် ၁၅၃၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ ၃၁.၅.၂၀၂၄ နေ့တွင် ညှော့မထဆန်(မနေသုခ)(ဟောင်း) တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်၊ ညှော့မထဆန်(မနေ သုခ)(သစ်) တစ်အိတ်လျှင် ၇၄၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ်လျှင် ၅၃၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၄၉၀၀၀ ကျပ်နှင့် ဖွဲနု တစ်အိတ်လျှင် ၁၅၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနေသုခ)(သစ်) တစ်အိတ်လျှင် ၁၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၂၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၃၀၀ ကျပ် ဈေးကျဆင်းခဲ့သည်။ ညှော့မထဆန်(မနေသုခ)(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်နှင့် ဆန်ကွဲ B (1,2) ဈေးများအနေဖြင့် ဈေးတည်ငြိမ်လျက်ရှိပါသည်။ ညှော့မထဆန်(မနေသုခ)(သစ်)၊ ဆန်ကွဲ B(2,3,4)နှင့် ဖွဲနုဈေးကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင် ဥက္ကဋ္ဌထံမှ သိရသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

https://myantrade.gov.mm/article/bago%2031.5.2024%201047

## ဈေးကွက်အတွင်းခရမ်းချဉ်သီးဈေးနှုန်းမြင့်တက်လျက်ရှိ



မိတ္ထီလာမြို့နယ်အတွင်းရှိ ကန်တောင်၊ ကျောက်ဖူး၊ ရိုးကန်၊ ကန်တာ၊ တောမ၊ သဲတောလေးကျေးရွာများတွင် မိသားစုအပိုဝင်ငွေရရှိစေရန် ဟင်းသီးဟင်းရွက် သစ်သီးဝလံများစိုက်ပျိုးကြပြီး ဈေးကွက်လိုအပ်ချက်အရ ဒေသတွင်းထွက်ရှိသော ခရမ်းချဉ်သီးများအပြင် ရှမ်းပြည်နယ်ဘက်မှဝင်လာသော ခရမ်းချဉ်သီးများ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ဈေးကွက်အတွင်း ယခုမေလစတုတ္ထပတ်တွင် ခရမ်းချဉ်သီးဈေးနှုန်းများမြင့်တက်လျက်ရှိပြီး ခရမ်းချဉ်သီး (ရှမ်းသီး) တစ်ပိဿာလျှင် (၃၅၀၀-၃၈၀၀) ကျပ်၊ ဗမာခရမ်းချဉ်သီး တစ်ပိဿာလျှင် (၄၀၀၀) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်ဧပြီလ စတုတ္ထပတ်တွင် ခရမ်းချဉ်သီး (ရှမ်းသီး) တစ်ပိဿာလျှင် (၁၀၀၀) ကျပ်၊ ဗမာခရမ်းချဉ်သီး တစ်ပိဿာလျှင် (၁၅၀၀) ကျပ်ဈေးသာရှိခဲ့ကြောင်း၊ ယခင်လနှင့်ယခုလကာလနှိုင်းယှဉ်လျှင် ခရမ်းချဉ်သီးရှမ်းတစ်ပိဿာလျှင် (၂၅၀၀-၂၈၀၀)ကျပ်၊ ဗမာခရမ်းချဉ်သီးတစ်ပိဿာလျှင်(၃၀၀၀)ကျပ်ခန့်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း လက်ရှိဈေးကွက်အတွင်း ခရမ်းချဉ်သီးဈေးနှုန်းများမြင့်တက်လာရခြင်းမှာ ဒေသတွင်းထွက်ရှိသောခရမ်းချဉ်သီးများ ထွက်ရှိမှုလျော့နည်းလာခြင်း၊ ရှမ်းပြည်နယ်မှ ခရမ်းချဉ်သီး (ရှမ်းသီး)များ အဝင်လျော့နည်းလာသဖြင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ခရမ်းချဉ်သီးရောင်းချသူတစ်ဦးထံမှသိရသည်။

Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_

## မန္တလေးကုန်စည်ဒိုင် ဈေးကွက်တွင် နှမ်းမျိုးစုံဈေးကွက် ဈေးမြင့်လာ

မေလနောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် နှမ်းဝင်ရောက်မှုနည်းနေသော်လည်း လှောင်လက် သမားများနှင့် တရုတ်ဝယ်လက်မှ အဝယ်သွက်လာသောကြောင့် နှမ်းမျိုးစုံဈေးကောင်းရနေပြီး ဈေးမြင့်လာသည်။ နှမ်းအမျိုးအစား အလိုက်နှင့် အရည်အသွေးအပေါ်မူတည်၍ ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ အမြင့်ဆုံး ၈၅၀၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**နှမ်းနက်(စမုံ)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၄၀,၀၀၀ မှ ၄၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၇၅,၀၀၀ မှ ၃၉၅,၀၀၀၊ ယခင်လ ကျပ် ၃၅၅,၀၀၀ မှ ၃၉၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၅,၀၀၀၊ ယခင်လထက် ၆၅,၀၀၀ မှ ၈၅,၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၈၅,၀၀၀ မှ ၃၉၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၇၅,၀၀၀ မှ ၃၉၅,၀၀၀၊ ယခင်လ ကျပ် ၃၆၅,၀၀၀ မှ ၃၇၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀၊ ယခင်လထက် ကျပ်၂၀,၀၀၀ မှ ၂၅,၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ(ဂျပန်)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၂၅,၀၀၀ မှ ၄၃၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၂၀,၀၀၀ မှ ၄၂၅,၀၀၀၊ ယခင်လ ကျပ် ၃၉၅,၀၀၀မှ ၄၀၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၃၀,၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၀၅,၀၀၀ မှ ၃၄၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၁၀,၀၀၀ မှ ၃၁၅,၀၀၀၊ ယခင်လ ကျပ် ၃၀၀,၀၀၀ မှ ၃၀၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၃၀,၀၀၀၊ ယခင်လထက် ကျပ်  ၅၀၀၀ မှ ၄၀,၀၀၀ မြင့်တက်လာသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

https://myantrade.gov.mm/article/Mandalay_3052024_0551

## ဘင်္ဂလားဒေ့ရှ် ဆေးဝါးကုမ္ပဏီများ မြန်မာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် တိုက်တွန်း

မြန်မာနိုင်ငံဟာ အလားအလာရှိတဲ့ ဈေးကွက်တစ်ခုဖြစ်လာတာကြောင့် ဘင်္ဂလားဒေ့ရှ်ဆေးဝါးကုမ္ပဏီတွေအနေနဲ့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သင့်တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက တိုက်တွန်းထားပါတယ်။

အခြားသော အာဆီယံနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် မြန်မာပြည်ရဲ့ ဆေးဝါးဈေးကွက်မှာ အပြိုင်အဆိုင်ရှိနေပြီး သွင်းကုန်အပေါ် အားကိုးနေရတာကြောင့် ပြည်ပမှဆေးဝါးကုမ္ပဏီတွေ ဝင်ရောက်လာဖို့ ဆွဲဆောင်နေပါတယ်။ မြန်မာနိုင်ငံဟာ ပြည်တွင်းဆေးဝါး လိုအပ်ချက်ရဲ့ ၈၀ ရာခိုင်နှုန်းခန့်ကို အခြားနိုင်ငံတွေကနေ တင်သွင်းနေရတာပါ။

ဘင်္ဂလားဒေ့ရှ်ဆေးဝါးကုမ္ပဏီတွေဟာ ယခုနှစ်အတွင်း မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၃၀ တန်ဖိုးရှိတဲ့ ဆေးဝါး ထုတ်ကုန်တွေ တင်ပို့နိုင်ဖို့မျှော်လင့်ထားပြီး မြန်မာဆေးဝါးဈေးကွက်မှာ ဝေစုတိုးမြှင့်ဖို့ အလားအလာကောင်းတွေ မြင်တွေ့နေရ ပါတယ်။

လုပ်ငန်းကြီးထွားလာစေဖို့ ဆေးဝါးကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ဖို့နဲ့ မြန်မာနိုင်ငံမှ သက်ဆိုင်သူတွေနဲ့ အဆက်အသွယ် ထိန်းသိမ်းထားဖို့ ကာလလတ်နဲ့ ရေရှည်မဟာဗျူဟာတွေရှိတယ်လို့ သံအမတ်ကြီး Md Monwar Hossain က ပြောပါတယ်။ ၎င်းအနေနဲ့ကလည်း ဘင်္ဂလားဒေ့ရှ်ဆေးဝါးကုမ္ပဏီတွေနဲ့ မြန်မာနိုင်ငံမှာ ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ မိတ်ဆက်ပွဲတွေ၊ ဟောပြောပွဲတွေ ပိုမိုကျင်းပဖို့ တွန်းအားပေးနေပါတယ်လို့ဆိုပါတယ်။ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျာမနီ၊ အမေရိကန်နဲ့ ပါကစ္စတန်တို့ဟာ မြန်မာနိုင်ငံဈေးကွက်ထဲကို ဆေးဝါးတွေ အဓိကတင်သွင်းရောင်းချနေသူတွေပါ။

၂၀၂၂-၂၀၂၃  ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံအနေနဲ့ ဆေးဝါးနဲ့ဆက်စပ်ပစ္စည်းတွေကို အိန္ဒိယမှ ဒေါ်လာ ၁၇၁ ဒသမ ၅၆၅ သန်း၊ တရုတ်မှ ဒေါ်လာ ၅၃ ဒသမ ၁၃၇ သန်း၊ ထိုင်းမှ ဒေါ်လာ ၄၄ ဒသမ ၁၂၉ သန်းတင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

ဘင်္ဂလားဒေ့ရှ်အနေနဲ့ကလည်း မြန်မာဆေးဝါးဈေးကွက်မှာ ဝေစု ၅ ရာခိုင်နှုန်းခန့်သာရှိပေမဲ့ လာမဲ့နှစ်တွေမှာ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်တယ်လို့ ပါမောက္ခတစ်ဦးကပြောပါတယ်။

မြန်မာနိုင်ငံရဲ့ ဆေးဝါးတင်သွင်းမှုက ၂၀၂၃ ခုနှစ်မှာ ဒေါ်လာ ၄၀၇ ဒသမ ၈၂ သန်းဖိုး ရှိတယ်လို့ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကုလသမဂ္ဂ COMTRADE မှာ ဖော်ပြထားပြီး အဲဒီအထဲမှာ ဘင်္ဂလားဒေ့ရှ်ရဲ့ ဆေးဝါးထုတ်ကုန်တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၉ သန်းဖိုး ပါဝင်နေပါတယ်။

**Source: BETV Business ၊ ကိုးကား – The Business Standard**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၇-၅-၂၀၂၄ မှ ၃၁-၅-၂၀၂၄) အတွင်းပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၁၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၆၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၃၇၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၀၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၇၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၁၀ လုံး (တန်ချိန် ၅၀၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၅၈၀၀၊ မြားနီ ကျပ် ၅၅၀၀၊ ပန်းတနော်ရှည် ကျပ် ၄၇၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂,၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၂,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းပန်းရဲရှောက် (သစ်) AC ကျပ် ၂၀၀၊ မြားနီ ကျပ် ၂၀၀ နှင့် ပန်းတနော်ရှည် ကျပ် ၃၀၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည်အိတ်ပေါင်း ၈၀၀၀ (၁၆,၀၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည် အိတ်ပေါင်း ၄၁၀၀ (၈၂,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၃၉၀၀ (၇၈,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၅၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီး ဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၆၅၀၊ ရေစကြို ထန်းလျက် (ချော) ကျပ် ၆၁၀၀၊ ကြံသကာ ကျပ် ၃၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၀၊ ကြံသကာ ကျပ် ၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၇-၅-၂၀၂၄ မှ ၃၁-၅-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူ နှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၁၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) လျော့နည်းဝင် ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ် နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက် ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၀၀၀ (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၈၀၀ (၁၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၈၀၀ ( ၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ တရုတ် A1 ကျပ် ၁၈၀၀ ၊ တရုတ် OK ကျပ် ၂၂၅၀ ၊ တရုတ် S1 ကျပ် ၂၂၅၀၊ တရုတ်S2 ကျပ် ၂၀၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း တရုတ် A1 ကျပ် ၂၀၀ ၊ တရုတ် OK ကျပ် ၂၅၀ ၊ တရုတ် S1 ကျပ် ၂၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၃၁ စီး (၁၈၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၄၃ စီး (၂၅၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး (၇၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အာရှထိပ်တန်း အစားအစာနှင့်အဖျော်ယမကာကုန်စည်ပြပွဲ (ThaiFex Anuga Asia 2024) ကို ထိုင်းနိုင်ငံတွင်ကျင်းပလျက်ရှိ

အာရှထိပ်တန်း အစားအစာနှင့်အဖျော်ယမကာကုန်စည်ပြပွဲ (ThaiFex Anuga Asia 2024) ကို ထိုင်းနိုင်ငံ၊ Impact Muang Thong Thani တွင် ၂၀၂၄ ခုနှစ် မေလ ၂၈ ရက်နေ့မှစ၍ ဇွန်လ ၁ ရက်နေ့အထိ ကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲကို ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအောက်ရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ထိုင်းကုန်သည် ကြီးများအသင်းတို့ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မေလ ၂၈ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့တွင် ကုန်သည်ဧည့်သည်တော်များကို လာရောက်ခွင့်ပြုထားပြီး ဇွန်လ ၁ ရက်နေ့မှသာ အများပြည်သူကို လာရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ကော်ဖီနှင့်လက်ဖက်ရည်၊ အချိုရည်၊ အဖျော်ယမကာ၊ အသီးနှင့်ဟင်းသီးဟင်းရွက်များ၊ အသားများ၊ ဆန်၊ ပင်လယ်စာ၊ အချိုပွဲများနှင့် အစားအသောက်နည်းပညာများကို နိုင်ငံ ၅၀ ကျော်မှ ပြခန်း ၃,၀၀၀ ကျော် ပါဝင်ပြသလျက်ရှိကြောင်း စီးပွားရေးသံမှူး သွားရောက်လေ့လာခဲ့မှုအရ သိရသည်။

မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံမှ ကော်ဖီ၊ ဆန်၊ ပြောင်း၊ ငရုတ်သီး၊ ကြက်သွန်၊ ဘီစကစ်၊ ပျားရည်နှင့် ဟင်းသီးဟင်းရွက်အမှုန့် ထုတ်လုပ်သည့် ကုမ္ပဏီ ၉ ခုမှ ပါဝင်ပြသလျက်ရှိပါသည်။

ယခုကဲ့သို့ အာရှထိပ်တန်း အစားအစာနှင့်အဖျော်ယမကာပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မြန်မာကုမ္ပဏီများအတွက် business matching ဆောင်ရွက်နိုင်ခြင်း၊ networking ရရှိနိုင်ခြင်းတို့အပြင် နိုင်ငံတကာမှ အစားအစာများ၏ထုပ်ပိုးမှုပုံစံ၊ ခင်းကျင်းပြသမှုပုံစံနှင့် အစားအစာထုတ်လုပ်သည့် နည်းပညာများကိုပါ လေ့လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်သည်။

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

**Source:** https://myantrade.gov.mm/article/Npt-300520240200

## မလေးရှားနိုင်ငံသည် ထိုင်းနိုင်ငံကိုကျော်တက်ကာ အရှေ့တောင်အရှ၏ ဒုတိယအကြီးဆုံး ကားဈေးကွက်ဖြစ်လာ




အရှေ့တောင်အာရှ၏ မော်တော်ကားဈေးကွက်တွင် တတိယနေရာ၌ ကြာရှည်စွာရပ်တည်နေသော မလေးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဖေဖော်ဝါရီလအထိ သုံးလဆက်တိုက် မော်တော်ကားထုတ်လုပ်မှုတွင် ထိုင်းနိုင်ငံအားကျော်တက်ကာ အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး မော်တော်ကားဈေးကွက်ဖြစ်လာခဲ့သည်။

မလေးရှားနိုင်ငံ၏ **Automotive Association** အဆိုအရ ယခုနှစ်ပထမသုံးလပတ်တွင် ကားအစီးရေ ၂၀၂၂၄၅ စီး ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

မလေးရှားအစိုးရ၏ စီးပွားရေးနှိုးဆွမှုအစီအစဉ် တစ်စိတ်တစ်ပိုင်းဖြစ်သော ပြည်တွင်း၌ထုတ်လုပ်သော မော်တော်ကားများအတွက် အခွန်ကင်းလွတ်ခွင့်များပေးခြင်းသည် ဈေးကွက်ဝေစု၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် ကားအမှတ်တံဆိပ်များဖြစ်သော **Perodua** နှင့် **Proton** တို့အား ထုတ်လုပ်ရောင်းချမှုများ မြင့်တက်လာအောင် လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ အခွန်ကင်းလွတ်ခွင့်များသည် ၂၀၂၀ ခုနှစ် ကပ်ရောဂါများ စတင်ဖြစ်ပွားသည့် ကာလမှစတင်ခဲ့သည်။ ၎င်းသည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ကုန်ဆုံးခဲ့သော်လည်း အခွန်လွတ်ကင်းခွင့်ဘွတ်ကင်များ၏ ပြည့်စုံမှုသည် ၂၀၂၃ ခုနှစ်တွင် အရောင်းကိန်းဂဏန်းများကို ဆက်လက်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ “အပြိုင်အဆိုင်ဈေးနှုန်းများရှိသော လျှပ်စစ်ကားများအပါအဝင် ကားမော်ဒယ်အသစ်များအား မိတ်ဆက်ပေးခြင်းသည် ရောင်းအားကိုတိုးလာစေရန် လှုံ့ဆော်ပေးသည်”ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆန့်ကျင်ဘက်အနေဖြင့် ထိုင်းနိုင်ငံတွင် မော်တော်ကားများရောင်းအား ကျဆင်းလာခဲ့သည်။ အာရှမော်တော်ကားဈေးကွက်၏ ဒုတိယနေရာအား နှစ်ရှည်လများ သိမ်းပိုက်ထားသည့် ထိုင်းနိုင်ငံသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်၏ ပထမသုံးလပတ်တွင် ရောင်းအား ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထိုင်းနိုင်ငံ၏ လစဉ်မော်တော်ယာဉ်ရောင်းချမှုသည် ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ ကျဆင်းလာခဲ့ပြီး မော်တော်ယာဉ်ချေးငွေနှင့် သုံးစွဲမှုရပ်တန့်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**Source : e.vnexpress.net**

**DOCA(ရန်ကုန်)** https://www.doca.gov.mm/my/node/20631

# STOCK EXCHANGE (31.5.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 31st May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,433 (Shares) | 25,484,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 9,000 | 9,100 | 9,000 | 581 | 5,276,500 | 33,109,694 | 301,298 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,150 | 3,100 | 5,846 | 18,282,050 | 38,929,150 | 120,680 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 2 | 16,200 | 10,400,986 | 84,248 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,650 | 1,700 | 1,650 | 91 | 154,550 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 10 | 27,000 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 743 | 1,300,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 22 | 103,400 | 10,497,598 | 49,339 |
| MAEX | 00008 | 2,400 | +50 | +2.13% | 2,350 | 2,400 | 2,350 | 138 | 324,400 | 23,804,946 | 57,132 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 31st May, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.68 | +2.13 | +0.55% | 384.76 | 388.71 | 384.76 | 7,433 | 25,484,100 | 8 | 731,227 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:30 am, 3rd Jun, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,598 (Shares) | 11,385,350 (MMK) |

| MYANPIX | 386.02 ▼ 1.66 |
|---|---|
| Total Volume (shares) | 3,598 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 728,107 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,450 | ▲ 50 |